လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)
ဇူလိုင် ၂၀၂၁

## ကျန်းမာရေးသည် လူ့အခွင့်အရေးဖြစ်သည်။

# မြန်မာစစ်အာဏာရှင်များအနေဖြင့် ကိုဗစ်–၁၉ ရောဂါကို တုန့်ပြန်ရာတွင် လူသားချင်းစာနာမှုဆိုင်ရာ အခြေခံမှုများကို ချိုးဖောက်နေခြင်း



## နိဒါန်း

နိုင်ငံရှိ စစ်တပ်၊ ရဲအစရှိသည့် လက်နက်ကိုင်တပ်ဖွဲ့များက လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြင်းပြင်း ထန်ထန် ကျူးလွန်နေသည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်း လူအသေအပျောက် များပြားလာခြင်းဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကလည်း ခြိမ်းခြောက်နေပြန်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်နိုင်ရေးနှင့် လူနာများကို ကုသပေးသည့် ကျန်းမာရေး လုပ်သားများအား စစ်အာဏာရှင်များကဖိနှိပ်ချုပ်ခြယ် ထိန်းချုပ်ထားသည်။ ကျန်းမာရေးလုပ်သားများ၏ ကျွမ်းကျင်မှုက ပြည်သူလူထု၏အသက်ကယ်ဆယ်ရေးအတွက် သေရေးရှင်ရေးတမျှ အရေးကြီးသည်။ တိုင်းပြည်၏ သူရဲကောင်းများဖြစ်သည့် ကျန်းမာရေးနယ်ပယ်တွင် ကျွမ်းကျင်သူများကို ကူညီရမည့်အစား စစ်တပ်သည် ၎င်းတို့၏ အကျိုးစီးပွားကိုသာ ရွေးချယ် ဦးထိပ်ပန်ဆင်လျှက်ရှိသည်။

ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းချိန်မှစပြီး စစ်တပ်၏ တရားမဝင် ထင်ရာစိုင်း အုပ်စိုးမှုကြောင့်ပရမ်းပတာ၊ ဝရုန်းသုန်းကားဖြစ်နေသည်။ စစ်အာဏာရှင်များသည် လူ့အသက်ပေါင်းများစွာကို တန်ဖိုးမထား လျစ်လျူရှု ပြီး လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့်ပြစ်မှု (CAH) ကျူးလွန်ကြသည်။ ၎င်းတို့ အာဏာတည်မြဲရေး အတွက် လုံခြုံရေးတပ်ဖွဲ့များက စစ်အာဏာသိမ်းချိန်မှစပြီး အပြစ်မဲ့ပြည်သူ ၉၀၀ ကျော်ကို အညှာအတာ ကင်းမဲ့စွာ သတ်ဖြတ်၊ ညှဉ်းပန်းနှိပ်စက်ကြသည်။ စစ်အာဏာရှင်များက လုပ်ငန်းကျွမ်းကျင်သူ ဆရာဝန်ကြီးများကို ဖမ်းဆီး ထိန်းသိမ်းထားပြီး သတင်းလွတ်လပ်မှုနှင့် နိုင်ငံသားအခွင့်အရေးလှုပ်ရှားသူများကို ကြောက်ရွံ့စေရန် ဖန်တီးထားသည်။ ကပ်ရောဂါ၏ ခြောက်လှန့်မှုနှင့် ပြည်သူလူထုအပေါ် ဆိုးကျိုးသက်ရောက်မှု တို့က “အားအပြင်းဆုံး မုန်တိုင်းတခု” ပမာဖြစ်သည်ဟု ကုလသမဂ္ဂက ပြောဆိုသည်[၁]။ လတ်တလောတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ ၂၀၀,၀၀၀ ကျော်ရှိနေပြီး ကူးစက်ခံရသူ အရေအတွက်မှာ တိုးလာနေသည်။ အာဏာသိမ်း စစ်အာဏာရှင်များသည် တိုင်းပြည်၏ အချုပ်အခြာ အာဏာအလုံးစုံအား ထာဝရယူလိုသည် ကလွဲ၍ပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်ခြင်းမရှိသဖြင့် လူထုမှာ အောက်စီဂျင်နှင့် တကိုယ်ရေအကာအကွယ်သုံး ကျန်းမာရေးပစ္စည်းများအပါအဝင် အသက်ကယ်ဆယ်ရေး အထောက်အပံ့များကို လက်လှမ်းမီ ရယူနိုင်ခြင်း မရှိပေ။

ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများ ပိုမိုလိုအပ်လာသည့်အတွက် ဈေးမှာလည်း ထိုးတက်သွားပြီး မြန်မာနိုင်ငံ၏ ကျန်းမာရေးဝန်ဆောင်မှု အခြေခံအဆောက်အအုံအပေါ် နောက်ထပ် ခြိမ်းခြောက်မှု ဖြစ်လာသည်။ တိုင်းပြည်အနှံ့ရှိ ပြည်သူများမှာ ဆေးဆိုင်များရှေ့တွင် အကိုက်အခဲပျောက်ဆေး၊ ချောင်းဆိုးပျောက်ဆေးနှင့် ဗစ်တာမင်စုံဆေးတို့ကို တန်းစီဝယ်သူနေကြပြီး ဆေးများမှာအချိန်တိုအတွင်း ရောင်းကုန်သွား၍ ဈေးမှာလည်း နှစ်ဆခန့်တက်သွားသည်။ မျက်နှာဖုံးများမှာလည်း လုံလောက်မှုမရှိပဲ သာမန်ပြည်သူများ ဝယ်ယူနိုင်သည့် ဈေးထက်ကြီးမြင့်နေသည်[၂]။ သုသာန်နှင့် မီးသဂြိုလ်စက်များတွင် ရာနှင့်ချီသည့် အလောင်းများကို နာရေးကူညီမှုအသင်းများက နေ့စဉ်မှတ်ပုံတင်၍ သဂြိုလ်ပေးနေရသည်။ သေဆုံးသူအများစုမှာ အောက်စီဂျင်ပြတ်လပ်၍ သေဆုံးကြခြင်းဖြစ်သည်[၃]။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က စစ်အာဏာရှင်တို့ ၏ ကိုင်တွယ်ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး “ကိုဗစ် တတိယလှိုင်းကို ရင်ဆိုင်ကြုံတွေ့နေရသည့် မြန်မာပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပိုင်ခွင့်ကို စစ်အာဏာရှင်တို့က ငြင်းပယ်နေသည်”[၄] ဟု ထုတ်ပြန်ခဲ့သည်။

ND-Burma မှ ယခုစာတန်းငယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုသည် လူ့အခွင့်အရေးဖြစ်သည် ဆိုသည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အခြေခံမှု ၄ ချက်အပေါ်တွင် အခြေခံ၍ သုံးသပ်တင်ပြထားသည်။ မြန်မာစစ်တပ်၏ အားနည်းချက်များကို မီးမောင်းထိုးပြထားပြီး ကပ်ရောဂါအပေါ် ၎င်းတို့၏ တုန့်ပြန်ဆောင် ရွက်မှု မရှိခြင်းကြောင့် လူ့အသိုင်းအဝိုင်းအတွင်း အထိခိုက် အနစ်နာအလွယ်ဆုံးသူများကို ကျောခိုင်း ဥပက္ခာပြု ချန်လှပ်ထားသည်။ စစ်ကောင်စီသည် လူသားချင်းစာနာသည့် အကူအညီပေးရေးအဖွဲ့ မဟုတ် သော်လည်း ၎င်းတို့လက်ထဲတွင် အရေးပေါ်ကူညီကယ်ဆယ်နိုင်သည့် ပစ္စည်းကရိယာနှင့် အရင်းအမြစ်များ ရှိနေသည်။ ကျန်းမာရေးသည် လူ့အခွင့်အရေးဖြစ်သော်လည်း မြန်မာနိုင်ငံတွင်မူ ကျန်းမာရေးစောင့်ရှောက်ပိုင်ခွင့်၊ ကုသခံပိုင်ခွင့်နှင့် အန္တရာယ် တစုံတရာမရှိပဲ အရင်းအမြစ်ရရှိခွင့်တို့ကို စစ်အာဏာရှင်တို့က ထိန်းချုပ်ဖယ်ရှားနေသည်။

## လူသားချင်း စာနာမှုဆိုင်ရာ အခြေခံမူများအပေါ် ခြုံငုံသုံးသပ်ခြင်း

လူသားချင်းစာနာမှုဆိုင်ရာအခြေခံမူ ၄ ရပ်ဆိုသည်မှာ ***လူသားခြင်း စာနာထောက်ထားခြင်း၊ ခွဲခြားမှု မရှိ ခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း***[၅] တို့ဖြစ်သည်။ နိုင်ငံတကာကြက်ခြေနီအသင်း (ICRC) နှင့် နိုင်ငံတွင်း ကြက်ခြေနီ/လခြမ်းနီအသင်းများ၏ အခြေခံအုတ်မြစ် လုပ်ငန်းများဖြစ်ကြသည် ။ ထိုအခြေခံမူများသည် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်နစ်ခုဖြစ်သည့် ၄၆/ ၁၈၂ နှင့် ၅၈/၁၁၄ တို့ဖြင့် ထိန်းသိမ်းစောင့် ရှောက်ထားသည်။

အခြေခံမူများသည် ပဋိပက္ခအတွင်း တာဝန်ယူ တာဝန်ခံမှုနှင့် ဂရုဏာတရားရှေ့ထားပြီး လူသားချင်းစာနာ သည့် တုန့်ပြန်ဆောင်ရွက်ချက်များအတွက် အခြေခံအုတ်မြစ်များဖြစ်သည်။[၆]

### လူသားချင်း စာနာမှုဆိုင်ရာ အခြေခံမူ ၁။ လူသားချင်းစာနာထောက်ထားမှု

လူမှုဒုက္ခများကို တားဆီးရန်နှင့် ကြုံတွေ့ရပါကလည်း လျော့ပါးသက်သာစေရန် ဆောင်ရွက်သည်။ လူသား ချင်းစာနာမှု လုပ်ငန်းသည် လူ့ဂုဏ်သိက္ခာကို လေးစားမှုရှိပြီး ကျန်းမာရေးနှင့် လူ့အသက်ကို အကာအကွယ် ပေးရန် ရယ်ရွယ်ပါသည်[၇]

ကျန်းမာရေးအထောက်အကူပစ္စည်းများ ရရှိရေးအတွက် ပိုရှ်ခက်ခဲစေရန် စစ်အာဏာရှင်တို့မှ လုပ်ဆောင် လျှက်ရှိသည်။ မြန်မာနိုင်ငံရှိ ဆရာဝန်များ၏ အပြောအရ စစ်အာဏာရှင်တို့သည် အောက်စီဂျင်ဘူးများကို ထိန်းချုပ်ထားပြီး ပုဂ္ဂလိကဆေးရုံများနှင့် လှူဒါန်းပေးဝေသူများအား လည်း တားမြစ်ထားသည်[၈]။ ထို့အပြင် အောက်စီဂျင် ထုတ်လုပ်မှုအပါအဝင် အသက်ကယ်ဆယ်ရေး ပစ္စည်းများ လူထုမဝယ်နိုင်အောင် စစ်တပ်က တားမြစ်ထားသည်[၉]။ စစ်တပ်ပြောရေး ဆိုခွင့်ရှိသူမှ အောက်စီဂျင်ထုတ်လုပ် ရောင်းဝယ်မှုများကို ထိန်းချုပ် ကန့်သတ်ထားရသည်မှာ ဆေးရုံ၊ ဆေးခန်းနှင့် ရောဂါမပြန့်ပွားစေရေး ထိန်းချုပ်ထားသည့် ဌာနများအတွက်ဟု ဝန်ခံပြောဆိုသော်လည်း အဆိုပါဌာနများမှာ လူနာသစ်များ လက်ခံနိုင်သည့် အခြေအနေတွင် မရှိပေ[၁၀]။ နိုင်ငံတွင်းတင်သွင်းလာသည့် အောက်စီဂျင်များကို ကျန်းမာရေးဌာနများသို့ ပေးပို့ရန်ထက် စစ်အာဏာရှင်များက ထိန်းချုပ်ထားလိုကြသည်။

မန္တလေးရှိ အခမဲ့ကျန်းမာရေး စောင့်ရှောက်သည့် အသင်း၏ ဥက္ကဋ္ဌဖြစ်သူက မြန်မာနိုင်ငံရှိ အောက် စီဂျင်လိုအပ်သည့် လူဦးရေ၏ သုံးပုံတပုံထက် နည်းပါးသည့် အရေအတွက်သာ အ ထောက် အကူပြုပစ္စည်းများ လုံလုံလောက်လောက် ရနိုင်မည်ဟု ပြောသည်[၁၁]။ အောက်စီဂျင် လှူဒါန်းသည့် ပြည်သူတချို့အား ဆက်လက်လှူ ဒါန်းခြင်းမပြုရန် စစ်တပ်မှ ခြိမ်းခြောက်နေ သည်။

မြန်မာစစ်တပ်သည် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးတွင် အမြဲအသာစီးရစေရန် မျှော်ကိုးပြီးငင်းတို့၏ အကျိုးစီးပွားအတွက်သာ ကြည့်ပြီး ရေရှည်ဦးစားပေး ကာကွယ် ရင်းနှီးမြှုပ်နှံ လုပ်ဆောင်နေသည်။ ထို့ကြောင့် ကိုဗစ်–၁၉ ကပ်ရောဂါကို တုန့်ပြန်ရာတွင် နှေးကွေးပြီး တကိုယ်ကောင်းဆန်နေမှုမှာ အံ့သြစရာ မဟုတ်ပေ။ တရုတ်နိုင်ငံမှ ကာကွယ်ဆေး ၆ သန်း ရရှိသော်ငြား[၁၂] ၅၄ သန်းကျော် လူထုအတွက် လုံလောက်မှု ရှိမည်မဟုတ်ပေ။ စစ်အာဏာရှင်များသည် လူအများဒုက္ခခံစားရမှု ချုပ်ငြိမ်းသွားစေလိုသည့် ဆန္ဒမရှိ ဘဲ အကြပ်အတည်း ဒုက္ခများမှာလည်း ပုံစံမျိုးစုံနှင့် ဆက်လက်တည်ရှိနေသည်။ ကပ်ရောဂါဆိုးအပြင် မြန်မာနိုင်ငံ၏ကျေးလက် ဒေသများတွင် စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအကြား တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားလျှက်ရှိသည်။



မြန်မာ့တပ်မတော်တွင် စစ်သား ၄ သိန်းကျော်ရှိပြီး ဒုက္ခရောက်နေသည့် လူထုအား အထောက်အကူပြု ပစ္စည်းများ ပေးဝေခြင်း၊ အမိုးအကာ ထောက်ပံ့ခြင်းတို့ ပြုလုပ်ရမည့်အစား စစ်အာဏာရှင်တို့သည် ပြည်သူလူထု၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ဖျက်ဆီးလျှက်ရှိသည်။

မြန်မာနိုင်ငံတွင် အောက်စီဂျင် ပြတ်လပ်မှုမှာ စိတ်ဆင်းရဲစရာ အကြပ်အတည်းကို ပိုမိုဆိုးရွားစေသည်[၁၃]။ ရပ်ရွာအသိုင်းအဝိုင်းမှာ ပြည်သူအချင်းချင်း ယိုင်းပင်း၍ စားနပ်ရိက္ခာ၊ သောက်ရေနှင့်ဆေးဝါးများကို စုပေါင်းလှူဒါန်းနေကြသည်။ ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးလုပ်သားများမှာ အန္တရာယ်များကြားမှ လူနာများကို ပြုစုကုသပေးနေရသည်။ အောက်စီဂျင်ပြတ်လပ်မှု ဆိုးဆိုးရွားရွားကြုံတွေ့မှု၊ ကိုဗစ်ကာလ ကွယ်ဆေးနှင့် ကျန်မာရေးအထောက်အကူပစ္စည်းများ မလုံလောက်မှုတို့ကို ပူးပေါင်းအဖြေရှာရမည့်အစား စစ်အာဏာရှင်များသည် အတိမ်းအစောင်းမခံသည့် အခြေအနေကို မှေးမှိန်သွားအောင် ပုံဖျက် လုပ်ဆောင် နေသည်။ စစ်အာဏာရှင်ခေါင်းဆောင် မင်းအောင်လှိုင်က အောက်စီဂျင်ပြတ်လပ်ကြောင်း စွပ်စွဲပြောဆိုမှု များသည် လူထုကို စိုးရိမ်ကြောက်လန့်စေရန် ဖန်တီးလှုံ့ဆော်ခြင်းဖြစ်သည်ဟု ပြောဆိုသည်[၁၄]။ စစ်တပ်မှ ငြင်းဆိုဖုံးကွယ်ပြောဆိုပြီး သိပ်မကြာမီမှာပင် ရန်ကုန်တွင် အောက်စီဂျင် ဖြည့်တင်းရန် တန်းစီစောင့်ဆိုင်းနေ သူများကို စစ်သားများမှ ပစ်ခတ်ခဲ့သည်[၁၅]။ ယခုအကြပ်အတည်း အခက်အခဲ ဖြစ်နေမှုကို စစ်တပ်မှ ရည်ရွယ်ချက်ရှိရှိ ငြင်းဆန်လုပ်ဆောင်နေခြင်းဖြစ်သည်။

လူ့အသက်များစွာ သေကြေပျက်စီးစေရန် တိုက်ခိုက်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး အကြပ်အတည်းမှ ပြည်သူလူထုအား အထူးအလေးပေး အကာအကွယ်ပေးရန် အားထုတ်မှု မရှိခြင်းတို့ကစစ်အာဏာရှင်တို့သည် ကိုဗစ်-၁၉  ရောဂါအား လုံလောက်စွာ တုန့်ပြန်ဆောင်ရွက်ခြင်းမရှိကြောင်း သိသာထင်ရှားစွာ ညွှန်ပြနေသည်။

## လူသားချင်း စာနာမှုဆိုင်ရာ အခြေခံမှု ၂။ ခွဲခြားမှုမရှိခြင်း

လိုအပ်ချက်တခုတည်းပေါ်သာကြည့်၍ လူသားချင်းစာနာမှုလုပ်ငန်းများကို ဆောင်ရွက်ရမည်။ လူမျိုး၊ ကျား၊ မ၊ ဘာသာရေး ယုံကြည်ချက်၊ အဆင့်အတန်း၊ နိုင်ငံရေးခံယူချက်တို့နှင့် ပတ်သက်၍ ခွဲခြားခြင်းမပြုရပါ[၁၆]။

မြန်မာစစ်တပ်သည် ကိုဗစ်-၁၉ ကပ်ရောဂါကို နိုင်ငံရေးကစားပွဲကဲ့သို့ အသုံးချပြီး စစ်တပ်အား အထိအခိုက်မရှိစေရန် ဆက်လက်ထိန်းသိမ်း ထားရှိသည်။ စစ်အာဏာရှင်စနစ်ဆန့်ကျင်သည့်ကျန်းမာရေးလုပ်သားများ များပြားလာပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် ဝန်ထမ်း ဖိဖရာခိုင်နှုန်းသာတာဝန်ထမ်းဆောင်နေသည်[၁၇]။ စစ်အာဏာရှင်တို့၏ လက်တုန့်ပြန်မည်ကို စိုးရိမ်၍ဆရာဝန်များနှင့် ရှေ့တန်းမှ ကုသပေးနေသူများသည် လူနာများကို အန္တရာယ်များကြားမှ လျှို့ဝှက်ကုသပေးနေရသည်။

မြန်မာစစ်အာဏာရှင်များသည် စစ်တပ်ထောက်ခံသည့် တပ်ဖွဲ့များနှင့်သာ တန်းညှိထားပြီး ၎င်းတို့၏ တပ်သားများကို ကွဲပြားသည့် နိုင်ငံရေးအတွေးအခေါ် အယူအဆများ လက်မခံနိုင်အောင် သီးခြားခွဲ ထားသည်။ အဆိုပါ အယူအဆများ လက်ခံသည့် စစ်သားများကိုလည်း အပြစ်ပေးအရေးယူလေ့ရှိသည့်အတွက် ကြားနေမှုမရှိသည်မှာ သိသာထင်ရှားပြီး ကြီးမားသည့် သက်ရောက်မှုများကို ဖြစ်ပေါ်စေသည်။ ပစ်မှတ်ထား အကြမ်းဖက်မှုများကြောင့် စစ်တပ်အပေါ် အယုံအကြည်မဲ့စေသည်။ ထို့ကြောင့် ပြည်သူလူထုသည် စစ်တပ်မှ စီမံခန့်ခွဲပေးအပ်သည့် ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ လက်ခံရယူရန် တွန့်ဆုတ်နေသည်မှာ အံ့သြဖွယ်မဟုတ်ပေ။ စစ်တပ်ထိန်းချုပ်မှု မရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်သူလူထု သို့ ဖွင့်လှစ်ပေးရမည် ဖြစ်သည်[၁၈]။

ပဋိပက္ခဖြစ်နေသည့် ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူရရှိရန် ပို၍ပင် ခက်ခဲသည်။ စစ်အာဏာရှင်တို့၏ တိုက်ခိုက်မှုဘေးရန်ကြောင့် ဆရာဝန်နှင့် ဆေးမှူးများသည် ၎င်းတို့တာဝန်အတိုင်း အပြည့်အဝထမ်း ဆောင်နိုင် ခြင်းမရှိပေ။ စစ်အာဏာသိမ်းချိန်မှစပြီး လုံခြုံရေးတပ်ဖွဲ့များသည်ဆရာဝန်နှင့် ကျန်းမာရေးဝန် ထမ်းများအား သတ်ဖြတ်ခြင်း၊ ဖမ်းဆီး၊ ထိန်းသိမ်းခြင်းတို့ကို တိုးမြှင့်လုပ်ဆောင်လာသည်။ AP သတင်းဌာနအဆိုအရ စစ်အာဏာရှင်တို့က ဆရာဝန် ၄၀၀ နှင့် သူနာပြု ၁၈၀ ကို ဖမ်းဝရမ်းထုတ်ထားသည်[၁၉]။ လူသား မျိုးနွယ်အပေါ်ဆန့်ကျင်သည့် (CAH) တိုက်ခိုက်မှုများ ဆက်လက်ကျူးလွန်နေခြင်းက  မြန်မာပြည်ရှိ စစ် အာဏာရှင်တို့အား ဖြုတ်ချရန် ကြိုးပမ်းသည့် ကဏ္ဍအသီးသီးအား ရန်လိုတိုက်ခိုက်သည့် သာဓကပင်ဖြစ်သည်။

ပြည်သူလူထုတရပ်လုံး ကျန်းမာရေး အကြပ်အတည်းဆိုက်နေချိန်တွင် စစ်တပ်၏ ဆောင်ရွက်ချက်များသည် တကိုယ်ကောင်းဆန်ပြီး အပြင်းအထန် ရှုံ့ချရမည့် အပြုအမူများဖြစ်သည်။ စစ်တပ်၏ ပြောခွင့်ရ ပုဂ္ဂိုလ် ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက ဧပြီလ ၉ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် ပြည်သူလူထုကို ဆရာဝန် တွေက သတ်ဖြတ်နေတယ် “ဒါမှလူမျိုးတုန်းသတ်ဖြတ်မှု မဟုတ်ရင်၊ ဘယ်လိုခေါ်ရမလဲ”[၂၀] ဟု သတင်းထောက်များအား ပြောဆိုပြီး ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများအပေါ် လက်စားချေ တုန့်ပြန်တိုက်ခိုက်ခဲ့သည်။ ထိုပြောဆိုမှုမှာ အခြေအမြစ်မရှိဘဲ စစ်တပ်မှ ရိုဟင်ဂျာများအပေါ် လူမျိုးတုန်းသတ်ဖြတ်သည်ဟု စွပ်စွဲချက်များအပေါ် ပြောင်းပြန် ဇောက်ထိုးပြောဆိုနေခြင်းဖြစ်သည်။ ရှေ့နောက်မညီသည့် ပြောဆိုမှုက လက်ရှိကြုံနေရသည့် အခက်အခဲပြဿနာကို ဦးစားပေး ဖြေရှင်းရန် အားနည်းနေသကဲ့သို့ပင် ဖြစ်သည်။

စစ်အာဏာရှင်တို့က မြို့ကြီးပြကြီးနှင့် ကျေးလျက်တောရွာများတွင် ပစ်မှတ်ထား တိုက်ခိုက်နေခြင်းကို တုန့်ပြန်သည့် ခုခံတော်လှန်မှုများ တိုးပွားလာသည်။ မြန်မာစစ်တပ်မှစစ်သားများက ချင်း၊ ကချင်၊ ကရင်၊ ကယားနှင့် ရှမ်းပြည်နယ်များတွင် တိုးမြှင့် တိုက်ခိုက်လာပြီး လူဦးရေထောင်နှင့် သောင်းနှင့်ချီပြီး လွတ်မြောက်ရာ ထွက်ပြေး ရွှေ့ပြောင်းကြရသည်။ ပဋိပက္ခကြောင့်လည်း အဆိုပါဒေသများတွင် နေထိုင်သည့် ပြည်သူများ သတင်းအချက်အလက်နှင့် ကြိုတင်ကာကွယ်ရေး ပစ္စည်းများရရှိရန် အဟန့်တားဖြစ်စေသည်။

ရည်ရွယ်ချက်ရှိရှိဖြင့် ထိခိုက်နစ်နာလွယ်သူများအား အကူအညီများ ဖြတ်တောက်ခြင်းနှင့် အကူအညီပေးရေး အဖွဲ့များအား ပိတ်ဆို့ခြင်းဖြင့် ခွဲခြားမှုမရှိစေရေးဆိုသည့် အခြေခံမှုကို စနစ်တကျချိုးဖောက်ပြီး ထိခိုက်နစ်နာ အလွယ်ဆုံးသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် စိတ်ဆန္ဒမရှိကြောင်းပြသနေခြင်းဖြစ်သည်။

### လူသားချင်း စာနာမှုဆိုင်ရာ အခြေခံမှု ၃။ ကြားနေခြင်း

လူသားချင်းစာနာမှု ဆောင်ရွက်သူများသည် စစ်ပွဲများတွင်သော်လည်းကောင်း၊ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး (သို့) ဝါဒရေးရာ အငြင်းပွားမှုများတွင် သော်လည်းကောင်း ဘက်လိုက်မှုမရှိဘဲကြားနေသည်[၂၁]။

စစ်အာဏာရှင်များက လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ အထူးသဖြင့် လူထု၏ မပူးပေါင်း မဆောင်ရွက်ခြင်း လှုပ်ရှားမှု (CDM) တွင် ပါဝင်ပတ်သက်သူများအပေါ် ဖိနှိပ်ချုပ်ခြယ် ညှဉ်းပန်းနေခြင်းအပေါ် လုံးဝဆန့်ကျင် ရှုတ်ချရမည်ဖြစ်သည်။ ပြည်သူလူထုမှ စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး လှုပ်ရှားမှုတွင် ပါဝင်သည့် နိုင်ငံရေးလှုပ်ရှားမှုကြောင့် နှစ်ရှည်ထောင်ကျ ခံကြရသည်။ ခုခံရေးလှုပ်ရှားမှုတွင် ပါဝင်သူများသည် နိုင်ငံမှစီစဥ်ပေးသည့် ကာကွယ်ဆေးရရှိရန် ဖြစ်နိုင်ခြေနည်းသည်။

အာဏာသိမ်းချိန်မှစပြီး မြန်မာစစ်တပ်က လူပေါင်း ၉၀၀ ကျော်ကို သတ်ဖြတ်ခဲ့သည်။ သေဆုံးသူအချို့မှာ နိုင်ငံရေးအရ သဘောထားကွဲသူများဖြစ်ပြီး ဖမ်းဆီးခံရပြီးနောက်စစ်ကြောရေးစခန်းများ



တွင်ညှဉ်းပန်းနှိပ်စက်ခံရ၍ သေဆုံးကြခြင်းဖြစ်သည်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ မှာအကျဉ်းထောင်များအတွင်း ရှိနေဆဲဖြစ်ပြီး အကျဉ်းထောင်များသည် ဗိုင်းရပ်စ်ကူးစက်ခံရနိုင်သည့် စိုးရိမ်ဖွယ် နေရာများဖြစ်သဖြင့် အကျဉ်းကျသူများအတွက် ဗိုင်းရပ်စ်ကူးစက်ခံရမှုမှာ နောက်ထပ်အကြီး အကျယ် ခြိမ်းခြောက်မှုတခုဖြစ်သည်။

နှစ်ပေါင်းများစွာ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူအဖြစ် လှုပ်ရှားသူ မသင်းသင်းအောင် မှာ ဧပြီလကတည်းက ဖမ်းဆီးထိန်းသိမ်းခံနေရသည်။ သူမသည် အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ (WLB) စတင်တည်ထောင်သူများအနက်မှ တဦးဖြစ်ပြီး မိဇ္ဈိမသတင်းဌာနကို တည်ထောင်သူလည်းဖြစ်သည်။ သူမ အဖမ်းခံရပြီးနောက် စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေသည်[၂၂]။

တက်ကြွလှုပ်ရှားသူ အများစုမှာလည်း အလားတူ အခြေအနေနှင့် ရင်ဆိုင်နေရသည်။ နာမည်ဆိုးနှင့် ကျော်ကြားပြီး ညံ့ဖျင်းသည့် အကျဉ်းထောင်အခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှု နည်းပါးသည့် မြန်မာနိုင်ငံတွင် အကျဉ်းသားများမှာ အကျဉ်းကျခံနေရစဉ် ၎င်းတို့၏ ကျန်းမာရေး အခြေအနေ တိုးတက် ကောင်းမွန်လာမည်မှာ မဖြစ်နိုင်ပေ။ အင်းစိန် အကျဉ်းထောင်တွင် ထိန်းသိမ်းခံထားရသူ အနည်းဆုံး ၅၀ မှာ ကိုဗစ်-၁၉ ကူးစက်ခံနေရပြီး အများစုမှာ နိုင်ငံရေးခေါင်းဆောင်များ၊ ဆရာဝန်များနှင့် သတင်းသမားများ ဖြစ်သည်[၂၃]။ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ ထုတ်ပြန်ချက်တွင် စစ် အာဏာပိုင်များသည် ကိုဗစ်-၁၉ ကြောင့် ထောင်ဝင်စာတွေ့ခွင့်နှင့် အထူး ခုံရုံးကြားနာမှုများကို ပယ်ဖျက်နေသည်ဟု ဖော်ပြထားသည်။ စစ်အာဏာရှင်များသည် ကပ်ရောဂါကို အသုံးချ၍ ရှေ့နေများကို ၎င်းတို့၏ အမှုသည်နှင့် တွေ့ဆုံခွင့်ကို ပိတ်ပင်ထားသည်ဟုလည်း ဖော်ပြထားသည်။

ဗမာလူမျိုးများ လူမှုရေး၊ နိုင်ငံရေး နယ်ပယ်အားလုံးတွင် လွှမ်းမိုးနိုင်စေသည့် ဗမာမှု ပြုမှုကို ရေရှည်ကျင့်သုံး သည့်အတွက် တိုင်းရင်းသားများအပေါ် ခွဲခြားဆန့်ကျင်သည့် စနစ်ကို ဖြစ်ပေါ်စေသည်။ ဗမာလူမျိုးတို့၏ စကား၊ ရိုးရာ ဓလေ့ထုံးစံတို့ကို ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးပြီး မြန်မာ့တပ်မတော်၏ အကြမ်းဖက် ညှဉ်းပန်းနှိပ်စက်မှုမှတဆင့် တိုင်းရင်းသားတို့အပေါ် ခွဲခြားဆန့်ကျင်ကြသည်။

ယခုအခါတွင် ကပ်ရောဂါကို တိုင်းရင်းသားများအပေါ် ဆန့်ကျင်ရန် ကရိယာတခုအဖြစ် အသုံးချနေသည်။ စစ်အာဏာရှင်တို့သည် တိုင်းရင်းသားများ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကူအညီများပေးရန် မည်သို့မျှ တုန့်ပြန်ဆောင်ရွက်ခြင်း မရှိပေ။

ကုသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) မှ မြန်မာပြည်သူ ၃ သန်းအတွက် လူသားချင်းစာနာသည့် အကူအညီနှင့် အကာအကွယ်ပေးရေးများ လိုအပ်နေသည်ဟု ခန့်မှန်းတွက်ချက် ထားသည်[၂၄]။ တိုင်းပြည်တွင်းရှိ လူ့အသက်ပေါင်းများစွာကို ဂရုမထားသည့် စစ်အာဏာရှင်များ၏ လုပ်ရပ်သည် လူသားချင်းစာနာထောက်ထားသည့် အခြေခံ ချဉ်းကပ်မှုများနှင့်အညီ တုန့်ပြန်ဆောင်ရွက်ရန် မည်သို့ ပျက်ကွက်နေသည်ကို ပြသနေသည်။

## လူသားချင်း စာနာမှုဆိုင်ရာ အခြေခံမှု ၄။ လွတ်လပ်ခြင်း

လူသားချင်းစာနာမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွတ်လပ်မှုရှိရမည်။ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး (သို့) အခြေခံမှုများကို လိုက်နာရန် အပေးအယူပြုလုပ်နိုင်စွမ်းသော မည်သည့်ရည်မှန်းချက်မျိုးမဆိုမှ ကင်းဝေးရမည်။

မြန်မာစစ်တပ်သည် ၎င်းတို့ အပေါ် မည်သို့ အကျိုးသက်ရောက်မှုရှိမည်ကိုသာ စိတ်ဝင်စားသည်။ ကိုဗစ် -၁၉ ကပ်ရောဂါသည် မည်သူ့ကိုမျှ ခြွင်းချက်ထားမည် မဟုတ်ပေ။ စစ်တပ်သည် အရေးပေါ် ဦးစားပေး၍ ကျန်းမာရေး တုန့်ပြန်ဆောင် ရွက်မှုကို ငြင်းပယ်ပြီး လူထုအကျိုးထက် ၎င်းတို့ကိုယ်ကျိုးစီးပွားကိုသာ အဓိကထားနေသည်။

တိုင်းပြည်ရှိ ပဋိပက္ခဒဏ်သင့်သည့် ဒေသများရှိ ပြည်သူလူထု၏ ရှေ့ရေးမှာ လက်နက်ကိုင်တိုက်ပွဲ များကြောင့် အကြီးအကျယ် ထိခိုက်သွားမည်ဖြစ်ပြီး ၎င်းတို့ပိုင် မြေယာများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လက်လွတ်ဆုံးရှုံးကြရမည်ဖြစ်သည်။ စစ်တပ်သည် အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ကျူး လွန်စေရန် အားပေးအားမြှောက် ပြုလုပ်နေသဖြင့် ပြည်သူလူထုသည် ၎င်းတို့ကြုံတွေ့နေရသည့် ရက်စက်ကြမ်းကြုတ်မှုများ မည်သည့်အချိန်တွင် ပပျောက် ပြီးဆုံးသွားမည်ကို ခွဲခြားမသိနိုင်ပေ။

စစ်အာဏာရှင် ခေါင်းဆောင်များက စစ်တပ်သည် ၎င်းတို့ အာဏာအတွက် အသက်သွေးကြောအဖြစ် ရှုမြင်သည်။ ကမ္ဘာ့ကပ်ရောဂါ၏ ခြိမ်းခြောက်မှု ရှိသော်ငြားလည်း ကပ်ရောဂါကြောင့် စစ်တပ်၏ ချဉ်းကပ်လုပ်ဆောင်မှုကို ပြောင်းလဲသွားစေပြီး ဂရုဏာတရားရှေ့ထား၍ အများပြည်သူ အကျိုးအလို့ငှာ ယုံကြည်ချက် မတူသူတို့နှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်ရန် မလုပ်နိုင်ပေ။

အရပ်သားခုခံကာကွယ်ရေးတပ်များ ဖွဲ့စည်းထားသည့် နယ်မြေများတွင် စစ်အာဏာရှင်တပ်များက အရှိန်မြှင့် တိုက်ခိုက်နေသည်။ ၎င်းတို့၏ အာဏာကို ခြိမ်းခြောက် စိန်ခေါ်နေသည့် မည်သည့် အဖွဲ့ကိုမဆို ဖျက်ဆီးပစ်ရန် စစ်တပ်အနေဖြင့် လုပ်ဆောင်နေသည်။ ဥပမာ အနေဖြင့် ချင်းပြည်နယ်တွင် ချင်းပြည်သူများ က ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ရန် လက်နက်စွဲကိုင်သည့်အခါ စစ်တပ်၏ အင်အားသုံးဖြိုခွင်းမှုကြောင့် ဒေသခံပြည်သူများသည် မင်းတပ်မြို့နယ်မှ မဖြစ်မနေ ထွက်ပြေးကြရသည်သည်။ ကိုဗစ်-၁၉ ကူးစက်ခြင်း သတိပေးမှုရှိနေသော်လည်း မြန်မာစစ်တပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်များ အကြား တိုက်ပွဲများ ဖြစ်ပွားနေ သည်။

ထို့အပြင် မင်းတပ်မြို့တွင် ယာယီ အပစ်အခတ်ရပ်စဲထားသော်လည်း အသက်ကယ်ပစ္စည်းများ သယ်ယူပို့ ဆောင်မှုကို စစ်တပ်က ပိတ်ဆို့ တားဆီးထားသည်။ စစ်အာဏာရှင်များက ဆေးဝါးများသယ်ဆောင်မှုကို ခွင့်မပြုဘဲ ပြည်သူလူထု လိုအပ်နေသည့် စားနပ်ရိက္ခာကိုလည်း ကန့်သတ်ထိန်းချုပ်ထားသည်[၂၇]။



## နိဂုံး

မြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံအဆောက်အအုံသည် အလျင်အမြန်ပြိုကျနေသည်။ ကိုဗစ်–၁၉ ကြောင့် လူဦးရေ အနည်းဆုံး ၁၀ သန်းမှ ၁၅ သန်းခန့် အသက်ဆုံးရှုံးရနိုင်သည်ဆိုသည့် မယုံနိုင် လောက်သော ခန့်မှန်းချက်များ ထွက်ပေါ်လာသည်[၂၆]။ ဆေးရုံတွင် တက်ရောက်ကုသရန် ငြင်းပယ်ခံရသည့် ၎င်းတို့၏ မိသားစု ဆွေမျိုးသားချင်းများအတွက် ပြည်သူများသည် အောက်စီဂျင်ဖြည့်ရန် မဖြစ်မနေ တန်းစီ စောင့်ဆိုင်းနေကြရသည်။ စစ်အာဏာရှင်တို့အား ဆန့်ကျင်သူများအပေါ် စစ်တပ်မှ အကြမ်းဖမ်းဖက်ဖြိုခွင်းမှုနှင့်  ကပ်ရောဂါအပေါ် စစ်တပ်၏ တုန့်ပြန်မှုတို့ ပေါင်းစပ် ရောယှက်သွားသည့် အခါ ပြည်သူလူထုမှာ စိုးရိမ်ပူပန်ခြင်းနှင့် မျှော်လင့်ချက်ကင်းမဲ့မှုတို့ကို ခံစားနေရသည်။

နိုင်ငံတဝှန်း ရာနှင့်ချီသည့် မြို့နယ်များတွင် ကူးစက်ခံရသည့် လူနာအရေအတွက် မြင့်တက်လာသည်ကို အသိအမှတ်ပြု လက်ခံခြင်းထက် စစ်တပ်သည် အကြမ်းဖက်မှုကို ပို၍ကျူးလွန်နေသည်။ စစ်အာဏာသိမ်းပြီး ၆ လအတွင်းမှပင် တိုင်းပြည် ပရမ်းပတာဖြစ်စေရန် စေ့ဆော် ကြိုးပမ်းနေသည်။

မြန်မာစစ်တပ်သည် အပြစ်ပေးအရေးယူခြင်းမှ ကင်းလွတ်ခွင့်ကို နှစ်ပေါင်းများစွာ ရရှိခံစားနေသည်။ စစ်တပ်သည် ယခင်အတိုင်းပင် ပြည်သူများအပေါ် ကာကွယ်စောင့်ရှောက်ရန် ပျက်ကွက်လျှက်ရှိပြီးယခုအခါတွင် လူအသေအပျောက်များစေသည့် ကိုးဗစ်–၁၉ တုန့်ပြန်ရေးနှင့် ပတ်သက်ပြီး ပေ့ါဆမှုကို တဖန် ကျူးလွန်ပြန်သည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အား အသိအမှတ်ပြုရန် နိုင်ငံတကာအား ND–Burma မှ တောင်းဆိုပြီး ကိုဗစ်–၁၉ ကပ်ရောဂါတိုက်ဖျက်ရေးအတွက် NUG အပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ ကျန်းမာရေး လုပ်သားများနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပါသည်။ စစ်အာဏာရှင်များအနေဖြင့် ကမ္ဘာ့ကပ်ရောဂါကို တုန့်ပြန်ဆောင်ရွက်နိုင်မည်ဟု မည်သူတဦးတယောက်မျှ မယုံကြည်ကြပါ။ စစ်အာဏာရှင်များအနေဖြင့် ၎င်းတို့အာဏာရရှိရေးအတွက် တိုင်းပြည်အကျိုးမကြည့်ပဲမည်သို့လုပ်ဆောင်ရ လုပ်ဆောင်မည်ဆိုသည့် ဦးစားပေး ရည်ရွယ်ချက် တခုတည်းသာရှိသည်မှာ ထင်ရှားနေသောကြောင့် ဖြစ်သည်။

# ENDNOTES


1. United Nations Human Rights Office of the High Commissioner, 14 July 2021: Myanmar: UN expert warns of "perfect storm" over COVID, calls for urgent international help
2. "As COVID-19 surges, prices of medical goods follow suit," Frontier Myanmar, 16 July 2021
3. "Myanmar funeral services overwhelmed as COVID toll mounts," Reuters, 15 July 2021
4. Statement on COVID-19 Response, National Unity Government of Myanmar, 14 July 2021. See in full; https://mohr.nugmyanmar.org/wp-content/uploads/2021/07/covid-statement-en-1372021.pdf
5. See Humanitarian Principles, United Nations Office for the Coordination of Humanitarian Affairs
6. Ibid
7. See Humanitarian Principles, United Nations Office for the Coordination of Humanitarian Affairs
8. "As COVID-19 Rages in Myanmar, Army Hoards Oxygen, Doctors Say," The New York Times, 15 July 2021
9. Ibid
10. "Myanmar unable to import badly needed medical supplies via border crossings with China," Myanmar Now, 14 July 2021
11. "As COVID-19 Rages in Myanmar, Army Hoards Oxygen, Doctors Say," The New York Times, 15 July 2021
12. "Myanmar says will receive 6 million Covid vaccine doses from China," France 24, 14 July 2021
13. "Battle for oxygen as coup-hit Myanmar faces its most severe Covid outbreak," The Guardian, 14 July 2021
14. "Desperate Myanmar residents' queue for oxygen as COVID-19 cases surge," Reuters, 12 July 2021
15. "Soldiers open fire, disperse crowds refilling oxygen tanks in Yangon," Coconuts Yangon, 13 July 2021
16. See Humanitarian Principles, United Nations Office for the Coordination of Humanitarian Affairs
17. "Distrustful of junta, turned away by hospitals, Myanmar's Covid-19 patients die at home," The Straits Times, 13 July 2021
18. Ibid
19. "In Myanmar, the military and police declare war on medics," Associated Press, 7 July 2021
20. Ibid
21. See Humanitarian Principles, United Nations Office for the Coordination of Humanitarian Affairs
22. "Release Thin Thin Aung and all Women Human Rights Defenders in Burma/Myanmar," The Women's League of Burma, 18 April 2021
23. "Nearly 50 Held in Myanmar's Insein Prison Now Infected with COVID-19," Radio Free Asia, 16 July 2021
24. Myanmar Humanitarian Snapshot July 2021, UNOCHA, 16 July 2021
25. "Transport of food, medicine restricted despite temporary ceasefire extension in Mindat," Myanmar Now, 10 July 2021
26. 'Everyone is dying': Myanmar on the brink of decimation, Asia Times, 17 July 2021




မြန်မာစစ်အာဏာရှင်များအနေဖြင့် ကိုဗစ်–၁၉ ရောဂါကို တုန့်ပြန်ရာတွင် လူသားချင်းစာနာမှုဆိုင်ရာ အခြေခံမူများကို ချိုးဖောက်နေခြင်း

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)
ဇူလိုင် ၂၀၂၁

